# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေး ရာ စာစောင်


ငါ့ကိုမချစ်သော သူသည် ငါ့စကားကို နားမထောင်။ သင်တို့ ကြားသော စကားသည် ငါ့စကားမဟုတ်။ ငါ့ကိုစေလွှတ် တော်မူသော ခမည်းတော်၏ စကားတော်ဖြစ်၏။
ယောဟန် - ၁၄း ၂၄





အမှတ်စဉ် (၁၂၉) မေလ ၂၀၁၂ ခုနှစ် ဓမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)

## အနမ်းနှစ်ခု
မင်းအောင်သက်လွင်



လူအမြင် အထင်ကြီးစရာ လူကြီးလူကောင်းမို့ ၊
ခရစ်သခင် ပါးပြင်ကို၊ လူတွေရှေ့မှာ ပေါ်တင် နမ်းခဲ့။
ဒါပေမဲ့ သူ့နှလုံးသား ဆိုးညစ်ပြီး ညှီ၊
ထိုသခင်ကို အရှင်လတ်လတ် ကားစင်တင်ခဲ့ပြီ။
လူအမြင် အထင်သေးစရာ အပြစ်သားမို့
ခရစ်သခင် ခြေဖမိုးကို၊ လူအလစ်မှာ ခိုးခိုးပြီး နမ်းခဲ့။
ဒါပေမဲ့ သူ့နှလုံးသားက နောင်တနဲ့၊ ထိုသခင်ကို ဆီမွှေးနဲ့ လိမ်းကျံခဲ့။



အနမ်းနှစ်ခု သခင့် ကိုယ်ခန္ဓာမှာ အမှတ်တရအဖြစ် ကျန်ရစ်
တစ်နေရာက ပါး၊ နောက်တစ်နေရာက ဖဝါး
ပါးပြင်ကို နမ်းသူက ယုဒ ။ ဖဝါးပြင်ကို နမ်းသူက မာရိ
ဆင်ခြင်စရာ အတိမို့ ။ သင်နဲ့ ကျနော် သခင့်ကို - - -
ပါး နမ်းနေတဲ့ သူလား။ ဖဝါး နမ်းနေတဲ့ သူလား။

------------------------------------------------------

## ကျမျက်ရည်
တောင်ကြီး (မနန်း)

ကျက်သရေအပေါင်း ခညောင်းစေတဲ့
မင်္ဂလာနံနက်ခင်းဟာ သာယာကြည်နူးဖွယ်ရာ
မိသားစုရဲ့ နှုတ်ဆက်စကား မင်္ဂလာပါတဲ့လား....
ငါသည်လည်းပဲ ကျက်သရေအပေါင်း ခညောင်းစေတဲ့
မင်္ဂလာနံနက်ခင်းရဲ့သာယာကြည်နူးဖွယ်ရာ
နှုတ်ခွန်းဆက်သလာ သူကတော့ မငိုဘဲကျလာ စီးမျက်ရည်ပါ။



ကျက်သရေအပေါင်း ခညောင်းစေတဲ့
မင်္ဂလာရှိသော မြစ်ရေပြင်ဟာ သာယာ...ကြည်နူးဖွယ်ရာ...
သဘာဝက ပေးခင်းထားတဲ့ စွမ်းအားတွေနဲ့....စီးဆင်းနိုင်စွမ်းရှိသလို.....
ငါသည်လည်းပဲ....ကျက်သရေအပေါင်း...ခညောင်းစေတဲ့ မျက်ဂန်းအစုံသည်
သဘာဝတရားရဲ့ ပေးခင်းထားတဲ့ စွမ်းအားတွေနဲ့ စီးဆင်းနိုင်စွမ်းရှိတဲ့
မငိုဘဲကျလာ....ကျမျက်ရည်ပါ။
ငါ၏ ကျမျက်ရည်သည် သွေးမျက်ရည် ဖြစ်သည်ကို
အဖ..ဘုရား....သိ...စေ....လို....သည်။



-----------------------------------------------------------------

## အပြုံးမပျက်တဲ့အမေ
မလေး(တပ်ကြီးကုန်းအသင်းတော်၊ မော်ဘီ)

ကိုးလလွယ် ဆယ်လဖွားလို့ လောကလူ့ဘောင် အမေပို့ဆောင်
သမီးပျော်အောင် အမေဆောင်ကျဉ်း လိုအင်ဟူသမျှ
"အပြုံးမပျက် အမေဖြည့်စွမ်းလျှက်"။
အပျိုသင်စအရွယ် လမ်းမမှားဖို့ နည်းပေးကြံဆောင် အမေ့မေတ္တာဘောင်
သမီးလိမ္မာအောင် အမေ သွန်သင်ရင်း ဒုက္ခဟူသမျှ
"အပြုံးမပျက် အမေရင်ဆိုင်လျှက်"



အတောင်စုံတော့ကွယ် လူ့ဘဝ ဝယ် လျှောက်လှမ်းပြီမို့
ကိုယ်သာ သခင် ကိုယ်သာ အရှင်ဟု၊ မာနတံခွန် အလံထူလို့
အမေ့ဆုံးမစကား မေ့လျော့သွား။ လောက မာယာ သဲကိုးဖျာမို့
နဖူးတွေ့ ဒူးတွေ့ သမီးကြုံတွေ့မှ အမေ့ရင်ခွင် ပြေးကာခိုဝင်
သည့်အချိန်မှာ အမေ့စကား ရင်မှာအား
အတောင်ညောင်းတော့ ပြန်လာခဲ့တော့ ချစ်သမီးအတွက်
"အပြုံးမပျက် အမေကြိုဆိုလျှက်"
အမေ့ကျေးဇူး အထူးသိကာ ဘုရားရင်ထဲမှာ တောင်းဆုပန်တာ
သမီးချစ်တဲ့ အမေ့သက်တာ ကိုယ်တော် ထာဝစဉ် ကွယ်ကာစောင့်ရှောက်ကာ
ရေလို အေးလို့ ပန်းလိုမွှေးစေပါ။ ချစ်မိခင်အား ရည်စူးလျှက်-- မလေး

## အထင်နဲ့ အမြင်
(ss.john20)


တစ်ခါက ကောင်းကင်တမန် နှစ်ပါးဟာ ခရီး သွားနေကြရင်းနဲ့ ညအချိန်မှာ ချမ်းသာ တဲ့ မိသားစု တစ်စုရဲ့ အိမ်မှာ ခရီးတစ်ထောက်နားပြီး အိပ်ဘို့ ဆုံးဖြတ် လိုက်တယ်။ ချမ်းသာသော မိသားစုဟာ အရမ်း မောက်မာပြီး သူတို့ကို ဧည့်သည်ရဲ့ အိပ်ခန်းမှာ နားခွင့်ပေးဘို့ ငြင်းဆိုလိုက်တယ်။ ပြီးတော့ မြေအောက် ခန်းမှာ ရှိတဲ့ အေးစက် ပြီး သေးငယ်တဲ့ အခန်းလေးမှာ နေခွင့်ပေးလိုက်တယ်။ သူတို့ နှစ်ယောက်ဟာ မာကြောတဲ့ ကြမ်းပြင်ပေါ်မှာ ကျောခင်းပြီး အိပ်စက်တဲ့အခါ အသက်ကြီးတဲ့ ကောင်းကင်တမန်ဟာ ကြမ်းပြင်ပေါ်မှာ အပေါက်တစ်ခုကို တွေ့လိုက် တယ်။ အဲဒါနဲ့ သူက အပေါက်ကို ပြန်ပိတ်ပေးလိုက်တယ်။ အသက် ငယ်သော ကောင်းကင်တမန်က ဘာလို့ကြမ်းပြင်အပေါက်ကို ပိတ်ပေးတာလဲလို့ မေးတဲ့အခါ သူက ပြန်ဖြေလိုက်တယ်။ "တခါတလေမှာ မြင်ရတဲ့အရာတိုင်းဟာ ကိုယ်ထင်သလို မဟုတ်ဘူး" နောက်တစ်ည မှာ သူတို့နှစ်ယောက်ဟာ အရမ်းဆင်းရဲတဲ့ လယ်သမားရဲ့ အိမ်မှာ နားဘို့ ဆုံးဖြတ် လိုက်တယ်။ လယ်သမားလင်မယားဟာ အရမ်းကို ဆင်းရဲ သော်ငြား လည်း သူတို့ နှစ်ယောက်ကို နွေးထွေးစွာနဲ့ကြိုဆိုရှာတယ်။ သူတို့မှာရှိတဲ့ အစား အသောက်လေး နဲ့ မျှဝေစားသောက်ပြီးတဲ့အခါမှာ သူတိုရဲ့ အိပ်ရာမှာ အိပ်ခွင့် ပေးလိုက် တယ်။ နောက်တစ်နေ့မနက် မိုးလင်းတဲ့အခါမှာ စိတ်ထားကောင်းသော လယ် သမားနဲ့ သူ့ဇနီးဟာ သူတို့ရဲ့ တစ်ကောင်တည်းသော နွားမလေး လယ်ကွင်း ထဲမှာ သေနေသောကြောင့် ငိုနေတာကို သူတို့ နှစ်ယောက် တွေ့လိုက်တယ်။ အသက် ငယ်သော ကောင်းကင်တမန်လေးဟာ အရမ်းစိတ်ဆိုးပြီး အသက်ကြီးသော ကောင်းကင်တမန်ကို မေးလိုက်တယ်။ "ဘာလို့ ဒီလိုအဖြစ်မျိုးကို အဖြစ်ခံတာလဲ" "ပထမ အိမ်ရှင်က ပစ္စည်းဥစ္စာအကုန်လုံး ပြည့်စုံရဲ့သားနဲ့ သူ့ကို ကူညီတယ်" "ဒုတိယ မိသားစုက သူတို့မှာ ရှိတာလေးနဲ့ ငါတို့ကို မျှဝေပေးတယ်" "ဒါပေမဲ့ သူတို့ရဲ့ နွား မလေးကို သေအောင်လုပ်တယ်။" အဲဒီအခါမှာ အသက်ကြီးသော ကောင်းကင် တမန်က "တခါတလေမှာ မြင်ရတဲ့အရာတိုင်းဟာ ကိုယ်ထင်သလို မဟုတ်ဘူး" လို ့ပြန်ပြောလိုက်တယ်။ "ငါတို့ မြေအောက်ခန်းမှာ နေတုန်းက အဲဒီကြမ်းပြင်ရဲ့ အပေါက်မှာ ရွှေတွေ ရှိနေတာကို ငါသတိထားမိတယ်။ အိမ်ပိုင်ရှင်က လောဘကြီးပြီး ပစ္စည်းဥစ္စာတွေကို အရမ်း တပ်မက်နေမှတော့ သူရှာ မတွေ့နိုင်တော့အောင် ကြမ်းပြင်အပေါက်ကို ပိတ်လိုက်တာ။ အဲဒါဆို ရွှေတွေကို သူရှာတွေ ့နိုင်စရာ မရှိတော့ဘူး။ လွန်ခဲ့သောည ကတော့ လယ်သမားမိသားစုအိမ်မှာ အိပ်တုန်းက သေမင်း က သူ့ဇနီးကို လာခေါ်တယ်။ အဲဒီအစား ငါက နွားမလေးကို ပေးလိုက်တာ" "တခါ တလေမှာ မြင်ရတဲ့ အရာတိုင်းဟာ ကိုယ်ထင်သလိုမဟုတ်ဘူး ဆိုတာ ခုတော့ မင်းသိသွားပြီ မဟုတ်လား"လို့ သူက အသက်ငယ်သော ကောင်းကင် တမန်လေးကို ပြောလိုက်တယ်။ ကျွန်တော်တို့ ခရစ်ယာန်များဟာ ဘာတွေဘဲ ဖြစ်ပျက်ဖြစ်ပျက် ဘုရားကို ယုံကြည်မှု အပြည့်အဝနဲ့ ရှိနေရမယ်။ ဘုရားသခင်ဟာ ကျွန်တော်တို့ အတွက် အကြံအစည် ရှိပါတယ်။ ကျွန်တော်တို့ မခံနိုင်သော စုံစမ်း နှောက်ယှက် ခြင်းကိုပေးမှာ မဟုတ်ပါဘူး။ သူတို့ ညည်းတွားခြင်း အရာ၌ ဂမ်း မြောက်ခြင်းကို ငါဖြစ်စေမည်။ သူတို့ သည် ဝမ်းနည်းခြင်း ခံရသော နောက် စိတ် သက်သာ ရွှင်လန်းခြင်းအကြောင်းကို ငါပြုမည်။ ယေရမိ၃၁:၁၃။ (ss.john20)

--------------------------------------

## တကျော့နဲ့ပါဝါ-၇

### သခင်၌တည်သောကျောက်ဆောင်
*နန်းရထိုက်*

ကျွန်မ အနည်းငယ်သက်သေခံ ဝေမျှချင် ပါတယ်။ စကော်ပူမှာ လုပ်သက် လေးနှစ် အတွင်းမှာ ကျွန်မ ဘဝက သူငယ်ချင်း အပေါင်း အသင်းတွေကြားမှာ အတော် လေး အေးချမ်း ပျော်ရွှင်ခဲ့တယ်။ တည်ငြိမ် အေးချမ်းနေတဲ့ ကျွန်မ ဘဝလေးထဲကို မမျှော် လင့်ဘဲ အစ်ကိုလို့ ခေါ်ပြီး ချစ်ရတဲ့ ချစ်သူတစ်ယောက် ရှိလာခဲ့တယ်။ ခင်မင်တဲ့ သူငယ်ချင်းတွေကတော့ အစ်ကိုနဲ့



The LORD'S Word 1-129

ပတ်သက်ပြီး ကျွန်မကို စိုးရိမ်တဲ့စိတ်နဲ့ သတိ ပေးကြတယ်။ အစ်ကို့ အတွက်နဲ့ သူငယ်ချင်းတွေနဲ့ စိတ်ဂမ်းကွဲ စကားများ ခဲ့ကြသေးတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့တွေပြောပြတဲ့ အစ်ကို့ အကြောင်းနဲ့ လက်ရှိ အစ်ကို ကျွန်မ အပေါ်ထားတဲ့ သဘော ထားနဲ့ ဆက်ဆံမှုတွေဟာ တစ်ခြားစီ ဖြစ်နေလို့ပဲ။ အစ်ကိုဟာ ကျွန်မ အပေါင်း အသင်း မိတ်ဆွေကြားမှာပိုတဲ့ ဂရုစိုက် ယုယမှုတွေ ပေးသလို သူငယ်ချင်း တွေနဲ့ အလိုက်တသိ ဆက်ဆံ နေထိုင်မှုတွေဟာ ကျွန်မ အတွက် ကျေနပ်စရာ ဖြစ်လာခဲ့တယ်။ လာမယ့် အနာဂတ် အတွက် ဆွေးနွေး တိုင်ပင်ရင်လည်း ကျွန်မ ကျေနပ်လောက်တဲ့ အဖြေ(မက်လုံး) ပေးပြီး သူနဲ့ မဖြစ်နိုင်တဲ့ ဘဝနစ်ခုကို အသက် သွင်းပြီး စည်းရုံး အယုံသွင်းခဲ့တယ်။ ကျွန်မလည်း အစ်ကိုရဲ့ မုသားပုံပြင်တွေကို နားထောင်ပြီး အဟုတ်မှတ်ကာ စိတ်ကူးတွေ ယဉ်ပြီးကြိတ်ပြီး ပျော်ရွှင်နေမိတယ်။ အစ်ကိုဟာ အရင်ကနဲ့ မတူဘဲ တစ်ဖြေးဖြေးနဲ့ ကျွန်မအပေါ် အပြုအမူ အပြောအဆို တွေဟာ တစ်ဖြေးဖြေးနဲ့ အတင့်ရဲ လာတယ်။ နောက်ပြီး ကျွန်မကို မင်းကိုယ့်ကို ချစ်လားလို့ မေးလာခဲ့တယ်။ ကျွန်မလည်း စိတ်ထဲရှိတဲ့အတိုင်း ရိုးရိုးလေးပဲ ချစ်တယ်လို့ ဂန်ခံခဲ့တယ်။ မင်း.. ကိုယ့်ကိုချစ်တာထက် အစ်ကိုက ပိုပါတယ်။ ဘာ အကြောင်းနဲ့ပဲ ဖြစ်ဖြစ် မင်းအပေါ် ထားတဲ့ အချစ်တွေဟာ Foreverပါ။ အစ်ကို.. မင်းနဲ့နီးစပ်ချင်တယ်။ အစ်ကို့ကို နားလည် ပေးပါ။ အစ်ကို့ရဲ့ဆန္ဒတွေကို ဖြည့်စွမ်း ပေးပါလား။ လို့ အစ်ကို ဟာ သူ့ရဲ့ သွေးသား လှုံ့ဆော်မှုတွေအတွက် ကျွန်မကို တောင်းဆိုလာခဲ့တယ်။ ကျွန်မက လည်း မဖြစ်နိုင်တာထက် မဖြစ်သင့်ဘူးလို့ ငြင်းဆိုခဲ့တယ်။ မင်း.. ကိုယ့်ကို မပေးဆပ် နိုင်တာ မင်း..ကိုယ့်ကို မချစ်လို့ပေါ့။ အစ်ကို့ ရဲ့ စိတ်ဆန္ဒတွေကို ကျွန်မ မလိုက်လျောတဲ့ အတွက် အစ်ကိုနဲ့ ကျွန်မ မကြာခဏ ဆိုသလို စကားများ ရန်ဖြစ်ကြတယ်။ ဒီလိုနဲ့ အစ်ကိုဟာ ကျွန်မ ဘဝထဲကို ကျွန်မ မနှင်ထုတ်ဘဲ ထွက်ခွာသွားတယ်။



ကျွန်မရင်ထဲမှာ ဖွဲ့မီးတစ်ခုလို အလောင်အကျွမ်း ခံလိုက်ရတယ်။ ကျွန်မ ကိုယ်တိုင် မသိလိုက်တဲ့ အရာတစ်ခုက ဘာဖြစ်လို့ ငါ့သူ့ကို သံယောဇဉ် တွယ်လိုက် မိလဲ။ တကယ်တော့ ကျွန်မ အရွယ်ဟာ သစ်ရွက်ကြွေတိုင်း ရင်ခုန်ရမယ့် အရွယ် လည်း မဟုတ်သလို ကျွန်မရဲ့ စိတ်ကူးယဉ် အိပ်မက်တွေကို ကျွန်မ ဘဝထဲကို ဆွဲသွင်း ယူလို့ မရတဲ့အချိန်။ ဒါပေမယ့် အားကိုးရာမဲ့တဲ့ ကျွန်မ ဘဝထဲကို အစ်ကိုဟာ ကျွန်မ အတွက် တွယ်ငြိစရာ နွယ်တမျှင် ဖြစ်ခဲ့မိတာတော့ အမှန်ပဲ။ တကယ်တော့ အစ်ကို့ အပေါ်မှာ ဖြစ်လာခဲ့တဲ့ ကျွန်မရဲ့အဖြူရောင် နှလုံးသားလေးဟာ တဏှာအချစ် မဟုတ်သလို ခနအချစ်နဲ့ မဟုတ်ခဲ့တာတော့ အမှန်ပဲ။ အစ်ကိုနဲ့ လက်တွဲပြီးသာယာတဲ့ မိသားစု ဘဝတစ်ခုဖြစ်ဖို့အတွက် တိတ်တိတ်ကလေး ဆုတောင်းခဲ့တယ်။ ကျွန်မရဲ့ ဆုတောင်းသံကို ဘုရားသခင်ဟာ နားညောင်းတော်မူ ယုံမှုမကဘဲ ကျွန်မအတွက် အကောင်းဆုံး ပြင်ဆင်ပေးခဲ့တယ်။ ကျွန်မကို အစ်ကိုစွန့်ခွာပြီးတဲ့ နောက်ပိုင်းမှာ ကျွန်မ သိလိုက်ရတဲ့ အစ်ကို့သတင်းတွေကြောင့် ကျေးဇူးတော်ကို ထပ်ခါတလဲလဲ ချီးမွမ်း နေမိတယ်။ အစ်ကိုဟာ ကျွန်မကို ဇလလုံးလုံး ဖုံးကွယ်လိမ်ညာခဲ့တာတွေ ဗူးပေါ် သလို ပေါ်လာခဲ့တယ်။ သတင်းပဲဖြစ်ဖြစ်၊ အတင်းပဲဖြစ်ဖြစ် ဟုတ်ရင်တော့ ပေါ်မယ်။ ပုတ်ရင်တော့နံ မှာပဲ။ ဘယ်လောက်ပဲ ဟန်ဆောင် မျက်နှာဖုံးတွေစွပ်လည်း တစ်နေ့ အမှန်တရားဟာ ပေါ်လာစမြဲပါ။ အစကတည်းက ဘုရားလက်ထဲမှာ ဆက်ကပ် အပ်နံထားတဲ့အတွက် အခု ကျွန်မရဲ့ ပူဆွေးဂမ်းနည်းမှုတွေအတွက် ဘုရားသခင်ဟာ အကောင်းဆုံးနှစ်သိမ့်မှု ပေးမယ်ဆိုတာ ကျွန်မ ယုံကြည်တယ်။ သခင်နဲ့ တည်နေတဲ့အတွက် လှိုင်းပုတ်တိုင်း ကျောက်ဆောင် ပြိုမသွားပါဘူး။ အခုတော့ ဘုရားရဲ့ နှစ်သိမ့်မှု မေတ္တာတွေနဲ့ ကျွန်မရဲ့စိတ်တွေဟာ တစ်ဖြေးဖြေးနဲ့ အနည်ထိုင်လို့ ရင့်ကျက်လာပါပြီ။ တဏှာအချစ်နဲ့ မဟုတ်သလို ခနအချစ် မဟုတ်တဲ့ အချစ်နဲ့ ချစ်နိုင်ကြပါစေ။ (မှတ်ချက်) မိတ်ဆွေတစ်ဦး၏ ရင်ဖွင့်ချက်အား ရေးသား ပါသည်။ တိုက်ဆိုင်မှုရှိရင် ခွင့်လွှတ်ပေးပါ။ ။ က.န.ခ နန်းရထိုက်

---

# စောင့်ပါ

## လက်ထပ်ပြီးသည့်အထိ စောင့်ပါ။

**Wait Until Marriage** ရဲလင်းထွန်း (အင်းစိန်)

လူများသည် သူတို့အတွက် အရေးပါသူ တစ်စုံတစ်ဦး၏ ချစ်မြတ်နိုး ခြင်းကိုခံရရန် အလွန်အမင်း လိုအပ်ကြသည်။ ဤအချက်မှာ လူငယ်လူရွယ် များအတွက် ပို၍ မှန်ကန်သည်။ ကောင်လေးနှင့် ကောင်မလေးတို့သည် တဦးကိုတဦး ငြိသွားကြပြီးနောက်၊ အတူ သွားလာကြသောအခါ၊ စိတ်လှုပ်ရှားမှုသည် ပို၍ကြီးထွားလာသည်။ တဦးကို တဦးထိတွေ့၊ ယုယရခြင်းသည် မည်မျှပျော်ရွှင်ဖွယ် ကောင်းသည်ကို သိလာကြသည်။ ဤအရာက စိတ်ဆန္ဒကို ဖြစ်ပေါ်စေသည်။ များမကြာမီ အချိန်တွင် နှစ်ဦးစလုံးသည် လိင်ဆက်ဆံမှု ပြုလုပ်ရန် ဆွဲခေါ်ခြင်းကိုခံရပြီး သူတို့က ဤသို့ တွေးလာကြသည်။ "ငါတို့သည် တဦးကိုတဦး အမှန်တကယ်ချစ်တာပဲ။ လိင်ဆက်ဆံ တာက ဘာများ မှားနေလို့လဲ။" လက်မထပ်မီ သင်သည် လိင်ပိုင်းဆိုင်ရာ ပတ်သက်မှု မပြုသင့်သည့် အကြောင်း အရင်းများစွာရှိသည်။ ဤအချက်ကို စဉ်းစားကြည့်ပါ။ *လက်မထပ်မီ လိင်ကြောင့် သင်ရရှိခဲ့သောအရာထက် လိင်ကြောင့် သင်ဆုံးခဲ့သော အရာက ပိုမိုကြီးမားသည်။* လိင်ကြောင့် သင်ဘာကို ရသနည်း။ တိုတောင်းသော စိတ် လှုပ်ရှားမှုနှင့် တခဏတာ ပျော်ရွှင်မှု သာဖြစ်သည်။ သို့သော် လက်မထပ်မီ လိင်ကြောင့် သင်ဆုံးရှုံးခံရသော အရာသည် သင့် တစ်ဘဝလုံး အပေါ်သို့ ဆိုးကျိုး သက်ရောက်မှု ရှိနိုင်သည်။

**(၁) လက်မထပ်မီ ဆက်ဆံခြင်းက စစ်မှန်သောအချစ်ကိုသိနိုင်မည့် သင်၏ အခွင့်အရေးများကို ဆုံးရှုံး စေနိုင်သည်။** မိန်းကလေးတစ်ဦးသည် သူ၏ လိင်ကိုပေးဆပ်ခြင်း အားဖြင့် အချစ် ကို ရရှိရန်ကြိုးစားခြင်းသည် ဂမ်းနည်းကြေကွဲဖွယ် အမှားတစ်ခုကို ပြုလုပ်ခြင်းပင် ဖြစ်သည်။ စစ်မှန်သောအချစ်သည် စေ့စပ်ခြင်း၊ လက်ထပ်ခြင်းနှင့် လိင်ဆက်ဆံခြင်းတို့ကို ဖြစ်စေနိုင်သော်လည်း လိင်က စစ်မှန်သောအချစ်ကို မဖြစ်စေနိုင်ပါ။

**(၂) လက်မထပ် မီဆက်ဆံခြင်းက ဘုရားသခင်က သင့်အတွက်ပြင်ဆင်ထားသော အကောင်းဆုံး အရာကို ဘယ် တော့ မှ မသိနိုင်အောင် သင့်ကိုတားဆီးလိမ့်မည်။**

လိင်နှင့်ပတ်သက်၍ မှားယွင်းသောယူဆချက်တစ်ခုမှာ ဤသို့လုပ်ခြင်းသည် ခန္ဓာပိုင်း ပျော်ရွှင်မှုသာ ဖြစ်ပြီး သင့် စိတ်ကြိုက် မည်သူနှင့်မဆို လုပ်နိုင်သည်ဟူသော ယူဆချက်ပင်ဖြစ်သည်။ ဤသို့ယူဆခြင်းက လိင်ကို စျေးပေါစေပြီး အဓိပ္ပါယ်မဲ့စေကာ ကျွန်ုပ်တို့အား ဖန်ဆင်းထားသည့် ပုံစံကိုပင် ပမာမခန့် ပြုသည်။ လိင်သည် ခန္ဓာပိုင်း လုပ်ဆောင်မှုတစ်ခုသာ မဟုတ်ပါ။ လိင်ဆက်ဆံခြင်း အားဖြင့် သင်နှင့် အခြားသူသည် တသား တကိုယ်တည်း ဖြစ်သွားသည်။ ဤသို့ လုပ်ခြင်း သည် အလွန်ရင်းနှီး ကပ်ငြိ သည့် အတွေ့အကြုံ ဖြစ်သောကြောင့် သင်၏ တစိတ်တပိုင်းသည် ထိုသူနှင့်အတူ ထာဝရကာလ ရှိနေမည်ဖြစ်သည်။ သင်သည် လက်ထပ်သောအခါ သင်၏ဘဝ အဖော် ကို ၁၀၀% အပြည့်မပေးနိုင်တော့သည်ကို သိလာလိမ့်မည်။ ဘာကြောင့်နည်း။ အကြောင်းမှာ သင်၏ တစိတ် တပိုင်း ကို အခြား သူတို့အား ပေးမျှပေးခဲ့သောကြောင့် ဖြစ်သည်။ ဤအရာကို အရေးမပါသလို ပြုမူခြင်းသည် မိုက်မဲရုံသာမက၊ ကျွန်ုပ်တို့အား ဘုရားသခင် ဖန်ဆင်းထားသည့် ရည်ရွယ်ချက် ကိုလည်း လျစ်လျူရှုခြင်းပင်ဖြစ်သည်။

**(၃) လက်မထပ်မီ ဆက်ဆံခြင်းက သင်၏မိမိကိုယ်ကိုအထင်ကြီးလေးစားသောစိတ်ကို ထိခိုက်စေသည်။** ကျမ်းစာက လူငယ်တစ်ဦးသည် သူ၏ကိုယ်ခန္ဓာကို ဂုဏ်အသရေ ရှိစွာဖြင့် စောင့်ထိန်းသင့်ကြောင်းနှင့် ကိုယ်ကျင့်တရားမကောင်းသော သူတို့၏ လမ်းစဉ်ကို မလိုက်ကြရန်ပြောထားသည်။ လူငယ် တဦး၏သန့်ရှင်းစင်ကြယ်မှု သည် သူ (သို့) သူမ၏ အဖိုးမဖြတ်နိုင်သောပိုင်ဆိုင်မှုပင်ဖြစ်သည်။ ဂမ်းနည်း စွာပင်၊ အများစုသည် အရမ်းနောက်ကျမှသာ ဤအချက်ကိုနားလည်လာကြသည်။ တခါတရံ မိန်းကလေးတဦးသည် အချစ်ကို အလွန်ဆာလောင်သဖြင့် ယောကျ်ား တဦး၏ လိင်စိတ် ဆန္ဒကို သူမ ရှာဖွေနေသောအချစ် ဟု ထင်ကာ ထိုယောကျ်ား၏ ဆန္ဒကို လိုက်လျော ပေးတတ်ကြသည်။ မကြာခဏ၊ ထိုယောကျ်ားသည် သူမကို အမှန်တကယ်မချစ် မလေးစားသည်ကိုတွေ့ရတတ်သည်။ သူလိုချင်သောအရာမှာ လိင်သာ ဖြစ်ပြီး သူမကလည်း အဆင်သင့်ရှိနေသဖြင့် သူမကိုအသုံးချကာ သူလိုချင်သော အရာကို ရယူလိုက်ခြင်းသာ ဖြစ်သည်။ ခဏကြာသောအခါ သူသည် သူမကို ငြီးငွေ့လာပြီး၊ သူမသည် ဈေးအဆမတန် လျှော့ထားသော ကုန်ပစ္စည်း ကဲ့သို့ ဖြစ်လာတော့သည်။ အချစ်ကိုရှာဖွေရန်အတွက် သွားစရာနေရာ သူမတွင် မရှိတော့ပဲ လိင်ကို ရှာဖွေနေသောသူ ထံသို့သာ သွားရမည်ဖြစ်သည်။ သူမသည် သူမ၏ မျက်စိ၌ပင် ဈေးပေါနေပြီး အခြားသူများကလည်း သူမအား ဈေးပေါသည် ဟု မြင်မည် ဖြစ်သည်။

**(၄) လက်မထပ်မီ ဆက်ဆံခြင်းသည် တစ်ဘဝစာအကျိုးဆက်များရှိနိုင်သည်။** ဘုရားသခင်သည် သင့်အား ဩတ္တပ္ပစိတ်ကိုပေးထားပြီး ထိုစိတ်ဖြင့်အသက်ရှင်ရမည် ဖြစ်သည်။

**(၅)လက်မထပ်မီ ဆက်ဆံခြင်းသည် စိတ်ပျက်ဖွယ်ကောင်းသောအရာတစ်ခု ဖြစ်လာနိုင်သည်။** အချစ်နှင့်ပတ်သက်ပြီး ရုပ်ရှင်တွေ၊ တီဗီ တွေထဲမှာ သင်တွေ့မြင်တာ မှန်သမျှဟာ အလိမ်အညာ တွေသာ ဖြစ်ပါတယ်။ ရုပ်ရှင်တွေ၊ တီဗီ တွေထဲကအချစ်ဟာ မနူးညံ့၊ မချိုသာ သလို ကြာရှည်မခံပါဘူး။ ရက်စက်ကြမ်းကြုတ်ပြီး နာကျင်စေပါတယ်။

The LORD'S Word 2-129

**သခင့်စကား** ဓိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၂၉ မေလ ၂၀၁၂ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ ဖြန့်ချိရန် **ကန့်သတ်** ထုတ်ဝေသည်။

ရုပ်ရှင်တွေထဲက လူတွေဟာ အိပ်ယာပေါ်ခုန်တက်ကြပြီး အရာအားလုံးဟာ အားကျဖွယ်ကောင်းတယ်လို့ ထင်ရပါတယ်။ နောက်တနေ့ မနက်မှာလည်း လူတိုင်းဟာ ပျော်ရွှင်စွာနဲ့ နိုးထလာပါတယ်။ တကယ်တမ်း ကျတော့ အဲဒီလိုမဟုတ်ပါဘူး။ သင်သာ ကျင့်သား မရသေးရင်၊ အဲဒီအရာဟာ ဆိုးဝါးစွာနာကျင်စေပါတယ်။ ပိုဆိုးတာက၊ နောက် တနေ့ မနက်မှာ သင့်ချစ်သူဟာ သင့်ကိုကြည့်တောင်မကြည့်တော့ပါဘူး။

**(၆) လက်မထပ်မီ ဆက်ဆံခြင်းသည် သင့်အတွက် အန္တရာယ်ရှိသည်။** လက်မထပ်မီ လိင်ပိုင်း ကိစ္စများတွင် ပါဝင်ပတ်သက်ခြင်းအားဖြင့် လိင်မှ ကူးစက် တတ်သော ရောဂါများကို သင်၌ ဖြစ်စေနိုင်သည်။ လွယ်သောမိန်းကလေးများ၊ တနည်း အားဖြင့် ပြည့်တန်ဆာများသည် ပြင်းထန်သော ထိုရောဂါ တစ်ခုခု၏ အရင်း အမြစ် ဖြစ်နိုင်ပါသည်။ ထိုကဲ့သို့ ပင် ယောကျ်ားများသည်လည်း “ ရောဂါ သယ်ဆောင် သူ” များဖြစ်နိုင်ပါသည်။

**(၇) လက်မထပ်မီ ဆက်ဆံခြင်းသည် မိန်းကလေးတစ်ဦး၏ဘဝကို တစ်စစီ ကြေကွဲသွားစေ နိုင်သည်။** စိတ်လွယ်သော မိန်းကလေးများသာမက စာရိတ္တ ကောင်းသော မိန်းကလေး များသည်လည်း ကိုယ်ဝန်ရလာနိုင်ပါသည်။ ဖျက်ချခြင်းအားဖြင့် အလိုမရှိသော ကိုယ်ဝန်ကိစ္စကို ဖြေရှင်းခြင်းသည် မှန်ကန်သောနည်းလမ်း မဟုတ်ပါ။ သင်မမွေး ရသေး သော ကလေးငယ်ကို သတ်ဖြတ်ခြင်းသည် မိမိ၌အပြစ်ရှိသည် ဟု ဆိုးဝါးသည့် ခံစားချက်က သင့်ဘဝတလျှောက်လုံး၌ သင့်အား ခြောက်လှန့်နေမည် ဖြစ်သည်။

**(၈)လက်မထပ်မီ ဆက်ဆံခြင်းသည် ကြီးမားသောပြဿနာအချို့ကိုဖြစ်စေနိုင်သည်။** တစ်ခါတစ်ရံ ယောကျ်ားတစ်ဦးက “မင်းကိုယ်ဝန် ရှိလာရင် မင်းနဲ့ ငါလက်ထပ်မယ်။” ဟုပြောလေ့ ရှိသည်။ အိမ်ထောင်ရေးသည် အလေးအနက်ထားရမည့် ကိစ္စ ဖြစ်သည်။ သင်လုပ်ဖို့ မပြင်ဆင်ရသေးသည့် အလုပ်ကိုဝင်လုပ်ဖို့ မကြိုးစားသင့်ပါ။ အိမ်ထောင်ရေး၌ လရောင်၊ ချစ်ရည်လူးမှုများနှင့် နှင်းဆီပန်းများ အားဖြင့်သာ ပြည့်နှက်နေမည် မဟုတ်ပါ။ အိမ်ထောင်ရေး၌ နေ့အလင်းရောင်၊ လသားအရွယ်ဝတ် ဘောင်းဘီ များနှင့် ဟင်းခွက် ပန်းကန်များလည်း ပါဝင်သည်။

**(၉)လက်မထပ်မီ ဆက်ဆံခြင်းသည် သင်နှင့် မသင့်တော်သောသူကို လက်ထပ်မိစေရန် သင့်အားလှည့် စားမည် ဖြစ်သည်။** သင့်ကိုယ်သင် အချစ်စစ်ကို တွေ့သွားပြီး ဟု ထင်လိမ့် မည်။ အမှန်မှာ သင် သည် လိင်ပိုင်းဆိုင်ရာ ဆွဲဆောင်မှုကြောင့်ဖြစ်ပေါ်လာသော စိတ် လှုပ်ရှားဖွယ် ခံစားချက် များကိုသာ ရရှိနေခြင်းဖြစ်သည်။ သင်သည် ရှေ့တဆင့်တက်ပြီး ထိုသူနှင့် လက်ထပ်ပြီးမှ သင့်အတွက် မှားယွင်းသောလူကို လက်ထပ်မိ မှန်း သိလာလိမ့်မည်။ သင်နှင့်သူ ကြားတွင် လိင်ပိုင်းဆိုင်ရာ ဆွဲဆောင်မှုသာရှိပြီး အချစ်စစ် မရှိကြောင်းကို အလွန် နောက် ကျပြီးမှ သင် သိနိုင်သည်။

**(၁၀)လက်မထပ်မီ ဆက်ဆံခြင်းသည် သင်၏အိမ်ထောင်ရေးဘဝကို ဖျက်ဆီး ပစ်နိုင်သည်။** လိင်ပိုင်းဆိုင်ရာ စည်းကမ်းမရှိ သူသည် လက်ထပ်ပြီး သောအခါ တွင်လည်း ဆက်လက်၍ စည်းကမ်းမဲ့စွာ ပြုမူနေထိုင်တတ် သောကြောင့် ဖြစ်သည်။ သူတို့သည် ဘယ်တော့မှ ကျေနပ် ရောင့်ရဲမှုမရှိတတ်ဘဲ အသစ် သော စိတ်လှုပ်ရှား ဖွယ် အရာများ ကို ဆက်လက်ရှာဖွေ တတ်သောကြောင့် ဖြစ်သည်။ လက်မထပ်မီ လိင်ပိုင်းအရ စည်းမစောင့်သူ နှစ်ဦးသည် လက်ထပ် ပြီးသောအခါ သံသယနှင့်မယုံကြည်မှုဟူသော မျိုးစေ့ကို စိုက်ပျိုး ထား ကြပြီး နောက်ပိုင်းတွင် ထိုမျိုးစေ့တို့က ခါးသီးသော အသီး ကို သီးစေလိမ့် မည် ဖြစ်သည်။ ဘုရားသခင်က ဤသို့ ဆက်ဆံခြင်းသည် အပြစ် ဖြစ်သည်ဟု ပြောထားသောကြောင့် ဖြစ်သည်။ ဘယ် အရာကမှ ထိုအချက်ကို မပြောင်းလဲနိုင်ပါ။ ဘုရားသခင်၏ အလိုတော်ကို ဆန့်ကျင် ခြင်းသည် အပြစ်ဖြစ်သည်။ အိမ်ထောင်ရေး အပြင်ဘက်၌ လိင် ဆက်ဆံမှု အားလုံးသည် အပြစ်ဖြစ်သည်ဟု ဘုရားသခင်က ပြောထားသည်။ လက် မထပ် ရသေးသော သူနှစ်ဦး လိင်ဆက်ဆံခြင်းသည် မတရားသော မေထုန်ကို မှီဝဲခြင်း ပင်ဖြစ်ပြီး အပျက်အစီးများစွာဖြစ် စေသော အပြစ်များ အနက် တစ်ခု ဖြစ်သည်။ ကျမ်းစာက ““မတရားသော မေထုန်ကို ကြဉ်ရှောင် ကြလော့။ မတရား သော မေထုန် ကို ပြုသောသူမူကား၊ မိမိကိုယ်ပင် ပြစ်မှား၏။” ” ဟုဆိုသည်။ (၁ကော ၆ း ၁၈)

ကျမ်းစာက “ “ ခပ်သိမ်းသော သူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့် သစ္စာသံဝါသပြုခြင်းအမှုသည် အသရေရှိစေလော့။ မတရားသောမေထုန်ကို ပြုသောသူနှင့် သူ့ မယားကို ပြစ်မှားသော သူကို ဘုရားသခင်စစ်ကြော စီရင်တော်မူလိမ့်မည်။” ” ဟုဆိုသည်။ (ဟေဗြဲ ၁၃ း ၄) ထပ်မံ၍ ကျမ်းစာက ““အယူမလွဲကြနှင့်။ မတရားသောမေထုန်၌မှီဝဲသောသူ၊ ရုပ်တုကို ကိုးကွယ် သောသူ၊ သူ့မယားကို ပြစ်မှားသောသူ၊ ယောကျ်ားချင်းမေထုန် ကိုပြုသော သူ၊ .. တို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရကြ။” ” ဟုဆိုသည်။ (၁ကော ၆ း ၉-၁၀)

**ဘုရားသခင်က ကျွန်ုပ်တို့အား အကောင်းဆုံးအရာများကိုသာ ရစေလိုသည်။** လူငယ်အများစုသည် ဘုရားသခင်က သူတို့အား လိင်ကိစ္စ၌ ဝမ်းမမြောက်စေလိုသောကြောင့် တားမြစ်သည်ဟု ထင်ကြသည်။ အမှန်မှာ ထိုသို့မဟုတ်ပါ။ ဤအချက်ကို ဥပမာပေး၍ ရှင်းလင်းဖော်ပြပါမည်။ ရထားတွေ အကြောင်း တွေးကြည့်ကြပါစို့။ ကမ္ဘာပေါ်ရှိ အမြန်ဆုံး ရထားအချို့သည် ဂျပန်တွင်ရှိသည်။ ဤ ရထားများသည် ပုံမှန်အားဖြင့် တစ်နာရီလျှင် မိုင် ၁၂၀ နှုန်းဖြင့် ပြေးဆွဲပြီး တခါ တရံတွင် ၁၅၅ နှုန်းသို့ပင် ရောက်သွားတတ်သည်။ ဤရထား များသည် ဤသို့သော အမြန် နှုန်းကို မည်သို့ရရှိသနည်း။ အကြောင်းမှာ ဤရထားများ သည် အကောင်းဆုံး ဒီဇိုင်း ထုတ်ထားပြီး ကျွမ်းကျင်စွာ တည်ဆောက်ထားသော ပြေးလမ်း များအပေါ်တွင် ပြေးဆွဲ သောကြောင့်ဖြစ်သည်။ ဤပြေးလမ်းများက ရထား၏ အမြန်ဆုံးနှုန်းကို ရရှိစေ သည်။ ဤရထားများထဲမှ တစ်စီးက ဤသို့ ပြောသည် ဆိုပါစို့။ “ဒီဟောင်းနေတဲ့ ပြေးလမ်း တွေပေါ်မှာ ပြေးဆွဲရတာ ငါစိတ်ကုန် နေပြီ။ အကန့်အသတ် တွေ များလွန်း တယ်။ ငါသွားချင်တဲ့ နေရာကို လွတ်လွတ် လပ်လပ်သွားပြီး ငါလုပ်ချင် တာကို လုပ်မယ်။ ထို့ကြောင့် ဤရထားသည် ပြေးလမ်း ပေါ်မှ ခုန်ထွက်ပြီး စပါးခင်းတစ်ခုပေါ်သို့ ရောက် သွားခဲ့သည်။ ယခုတွင် ဤရထား သည် လုံးဝလွတ်လပ်သွားပြီ ဖြစ်သည်။ ပြေးလမ်း များ၏ ဝန်းရံထားခြင်းကို မခံရ တော့ပါ။ ဤရထားသည် အမှန်တကယ် လွတ်လပ်သွားသော်လည်း တစ်နာရီလျှင် မိုင် ၁၂၀ နှုန်းဖြင့် မပြေးဆွဲတော့ပါ။ အမှန် မှာ ရွေ့ပင် မရွေ့တော့ပဲ ရွှံ့နွံထဲ၌သာ နစ်နေ မည်ဖြစ်သည်။ ဤရထားထက် အင်အားကြီးမား သောအရာ တစ်ခုက ဤရထားကို ဆွဲမ၍ သန့်ရှင်းရေး လုပ်ပေးပြီး ပြေးလမ်း ပေါ်တွင် ပြန်တင်ပေးမှသာ ဤရထားသည် အရင်ကဲ့သို့ ပြန်လည် ပြေးဆွဲ နိုင်မည် ဖြစ်သည်။

လိင်နှင့်ပတ်သက်လာလျှင်လည်း ထိုကဲ့သို့ပင်ဖြစ်သည်။ ဘုရားသခင်သည် “ပြေးလမ်း” များကို စီမံ ထား ပေး ရခြင်းမှာ သင့်အားလိင်မှုကိစ္စ၌ ဝမ်းမမြောက်စေရန် မဟုတ်ဘဲ သင်သည် သင့်အိမ်ထောင်ရေး၌ လိင်မှုကိစ္စကို အချိန် ကြာရှည်စွာ အပြည့်အဝ ဝမ်းမြောက်နိုင်ရန်ဖြစ်သည်။ စာတန်က “ပြေးလမ်းပေါ်မှ ခုန်ဆင်းခြင်း” ဆိုသည့် စိတ်လှုပ်ရှားမှု ကို သင့်အား ကမ်းလှမ်းထားသည်။ သို့သော် သင်သည်နွံထဲသို့ ရောက်သွားလိမ့်မည်။ ဤအရာကို ဖတ်နေသောသူ တစ်ဦးက “ကျွန်မတော့ ပြေးလမ်းပေါ်မှ ခုန်ဆင်း ခဲ့ပြီးပြီ။ ကျွန်မ အတွက် မျှော်လင့် ချက် များ ရှိသေးသလား? သင့်အတွက် မျှော်လင့်ချက် ရှိပါသေးသည်။ ခရစ်တော်သည် သင့်ကိုရွှံ့ထဲမှ ကောက်ယူကာ သန့်ရှင်းစေပြီး ပြေးလမ်းအပေါ်သို့ ပြန်လည်တင်ပေးနိုင်သည်။ သို့သော် နောက်တဖန် ပြန် မခုန်ဆင်းပါနှင့်။ ပြန်ခုန်ဆင်းခဲ့ပါက အပြစ်စီရင်ခြင်းက ယခင်ထက် ပိုကြီးပေ သည်။

**ခရစ်တော်၏အပြစ်လွှတ်ခြင်း၏ဥပမာ။** အိမ်ထောင်ရေး ဖောက်ပြား မှု ကျူးလွန်သော မိန်းမ တဦးကို အထံ သို့ ခေါ်လာခဲ့သည်။ သူတို့သည် ထို မိန်းမ ကို ခရစ်တော်၏ ခြေထောက်နား သို့ တွန်း လိုက်ပြီး “ဆရာ၊ ဒီမိန်းမဟာ ဖောက်ပြားမှု ကျူးလွန် နေစဉ်၌ပင်၊ သူ့အား လက်ရ ဖမ်းမိခဲ့ ပါတယ်။ ပညတ် တော်ထဲ၌ မောရှေက ဒီလိုမိန်းမ ကို ကျောက်ခဲနဲ့ အသေ ပစ်သတ်ရမယ်လို့ မိန့်မှာထားပါတယ်။ သခင် ကရော ဘာပြောစရာ ရှိပါသလဲ?ဟု ပြောကြ သည်။

ဤလူများသည် ထိုမိန်းမကို ဂရုမစိုက်ကြပါ။ သူတို့သည် ထိုမိန်းမကို အသုံးပြု၍ ခရစ်တော်အား ချောက်တွန်း လိုကြခြင်းဖြစ်သည်။ ယေရှုက ““သူမကို မပစ်သတ်ရ။” ဟု ပြောပါက၊ မောရှေ၏ပညတ်တော် များကို ဆန့်ကျင်နေသလို ဖြစ်ပေမည်။ အကယ်၍သူက ““အသေသတ်လိုက်” ” ဟု ပြောပါက၊ ရောမ အစိုးရနှင့် ပြဿနာ တက်နိုင်သည်။ ယေရှုသည် သူတို့၏ မေးခွန်းကို ချက်ချင်း မဖြေပါ။ သူသည် ဒူးထောက်လိုက်ပြီး သဲပေါ်တွင် စာရေးနေ ခဲ့သည်။ ဤ လူများက ယေရှုအား ဖြေကြားရန် အတင်းအကြပ် တောင်းဆိုသောအခါ သူသည် ထပြီး ““သင်တို့ထဲမှာ အပြစ် မရှိတဲ့ သူ က ပထမဆုံးကျောက်ခဲဖြင့် စပြီး ပစ်စေ” ” ဟု ဆိုခဲ့သည်။ ယေရှု သည် ထိုမိန်းမကို အပြစ်လွှတ်ပေးပြီးနောက် ““သွားလော့၊ နောက်ထပ် အပြစ် မလုပ်နဲ့ တော့ဟု” ဆိုခဲ့သည်။



**ခရစ်တော်သည် သင့်အား အပြစ်လွှတ်ပေးလိမ့်မည်။** ယေရှုသည် သင့်အား အပြစ်လွှတ်ပေးလိုက်ပြီး ဘုရားသခင်၏ ရှေ့တော်၌ သင့်အား သန့်ရှင်းစေလိုသည်။ သင်၏ အပြစ်များသည် လွှတ်ခြင်းခံရရန်အတွက် ကားတိုင်ထက်၌ အဖိုးထိုက်သောသွေးတော်ကို

သွန်းခဲ့ခြင်း ဖြစ်သည်။ ကျမ်းစာ က “.ယေရှုခရစ်တော်၏ အသွေးတော်သည်၊ ငါတို့ အပြစ် ရှိသမျှကို ဆေးကြောတော်မူ၏” ဟုဆိုသည်။ ၁ယော ၁ း ၇။ ခရစ်တော် ထံသို့ လာရန်အတွက် သင်ကြောက်ရွံ့စရာမလိုပါ။ သူသည် ဖောက်ပြန်ခြင်းအမှုကို ကျူးလွန်သော မိန်းမအား အပြစ်လွှတ်ခဲ့သည်။ သူသည် အပြစ်သားများ၏ မိတ်ဆွေ ဖြစ်ပြီး သူ့ဆီသို့လာရန် အတွက် သင့်အား ဖိတ်ခေါ် လျှက်ရှိသည်။ သူက “ငါ့ထံသို့ လာသောသူကို ငါအလျှင်းမပယ်” ဟုဆိုခဲ့သည်။ ယော ၆ း ၃၇။ သင်လုပ် ရမည့် အပိုင်းမှာ သူ့ဆီသို့လာရန်ဖြစ်ပြီး သူက သင့်ကို လက်ခံလိမ့် မည်။ သူသည်သင်၏ အပြစ်များအတွက် သင့်ကိုခွင့်လွှတ်ရုံသာမက၊ သင့်အား ချည်နှောင် ထားသော မည်သည့် အပြစ်ကိုမဆိုပင် ဖြေလွှတ်ပေးနိုင်သည်။ သင်၏ အပြစ်များ အတွက် ကားတိုင် ထက်၌ အသေခံခဲ့သော သူ့အား ကျေးဇူးတင်ပါ။ သင့် အတွက် သွန်းခဲ့သောသွေးတော်အားဖြင့် သင့်အား စင်ကြယ်စေရန် သူ့အား တောင်းဆိုပါ။ သင်သည် ဘုရား သခင်၏ မျက်စိတော်ရှေ့၌ ခရစ်တော်ကဲ့သို့ပင် သန့်ရှင်း စင်ကြယ်သူဖြစ်သည် “လူမည်သည်ကား၊ ခရစ်တော်၌ ရှိလျှင် အသစ် ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည် အသစ် ဖြစ်ကြ၏” ၂ကော ၅ း ၁၇။ ။ ရဲလင်းထွန်း (အင်းစိန်)

# ကြွယ်ဝခြင်းနှင့်ကိုးကွယ်ခြင်း

**ငွေကြေးကြွယ်ဝခြင်းနှင့်ဘုရားသခင်အားကိုးကွယ်ခြင်း** ဇော်အောင်(မုံရွာ)

ဗျာဒိတ်ကျမ်းမှာ ရှိတဲ့ အသင်းတော် (၇)ပါးထဲက နောက်ဆုံး ဖြစ်တဲ့ လောဒိကီ Laodicea ဆိုတဲ့ အသင်းတော်အကြောင်း ဝေငှချင်ပါတယ်။ လောဒိကီမြို့ကို ပြောတဲ့ ခရစ်တော်ရဲ့ စကား ထဲမှာ၊ အသင်းတော်အတွက်၊ ကျွန်တော်တို့အတွက် ဘာ သင်ခန်းစာ၊ ဘာပုံ သက်သေ ရမယ်ဆိုတာ အတူတကွ ဆင်ခြင်ဖို့ဖြစ်ပါတယ်။ (1) ဗျာ ၃း ၁၄-၂၂ ။ လောဒိကီအသင်းတော်။



ကျမ်းစာကို ဖတ်လိုက်တဲ့အခါ အမှန်တကယ်တော့ ကြောက်ဖို့ ကောင်းပါ တယ်။ ဒီလို စကားများ ကျွန်တော်တို့ အသင်းတော်ကို ပြောမယ် ဆိုရင်တော့ မလွယ် ဘူးဗျ။ မင်းတို့ အသင်းတော်က အကျင့်ကို ငါသိတယ်တဲ့။ မင်းတို့ဟာ အပူလည်း မဟုတ်ဘူး။ အအေးလည်း မဟုတ်ဘူး။ ဟိုလိုလို သည်လိုလိုပေါ့။ ကြည့်လိုက်ရင် ယုံကြည်သူ ဟုတ် သလိုလို၊ တကယ်သေချာကြည့်လိုက်ရင် မဟုတ်သလို၊ ယောကျာ်း လိုလို၊ မိန်းမ လိုလို၊ မသေချာဘူး။ အခုခေတ် အရမ်းခေတ်စားတယ်။ ပိုက်ဆံအိတ်၊ ဖိနပ်တို့ ကလည်း ယောကျာ်း ပိုက်ဆံအိတ်လိုလို၊ မိန်းမ ပိုက်ဆံအိတ်လိုလို။ အမျိုးစုံပါ။ ဒီမှာလည်း ယေရှုခရစ်တော်က အသင်းတော်ကို ကြည့်လိုက်တဲ့အခါ အအေး လည်း မဟုတ်၊ အပူလည်း မဟုတ်ဆိုတော့ မင်းကိုငါ ထွေးပစ်တော့မယ်တဲ့။ Very Serous ဖြစ်ပါတယ်။ ဒီလိုစကားမျိုး ကျွန်တော်တို့အသင်းတော်ကို ပေးပါစေ..လို့။

***ဥစ္စာချမ်းသာခြင်း။*** ဘာဖြစ်လို့ ဒီလူတွေက အပူလည်းမဟုတ်၊ အအေးလည်းမဟုတ် ဖြစ်ရတာလဲ။ သူတို့ကိုယ် သူတို့ ကြည့်တဲ့အခါ သူတို့က ဥစ္စာရတတ်တဲ့လူ တဲ့။ Their own view သူတို့ကိုယ် သူတို့ မြင်တဲ့အရာဖြစ်တယ်။ ဘဏ္ဍာများကို ဆည်းပူးတယ်တဲ့။ တစုံတခုမျှ မလိုတဲ့။ တခါတခါကျတော့ ဘာဆုတောင်းပေးရမလဲ ဆိုရင် ဟာ..ဆရာ၊ ဘာမှ မလိုပါဘူးဆရာလို့ ကျွန်တော်တို့ ပြောတတ်တယ်နော်။ ဘုရားကိုတောင် ဆုတောင်း ရမှာ အားနာတယ်။ တခုမှ မလိုဘူးတဲ့။ လောဒိကီမြို့မှာရှိတဲ့ လူတွေက တကယ်ပဲ ချမ်းသာပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီမြို့မှာ ဘဏ် ရှိတယ်။ အဲဒီ ခေတ်တုံးက မြို့တိုင်းမှာ ဘဏ် မရှိဘူး။ ပြီးတော့ အဲဒီမြို့မှာ မြို့တိုင်းမှာမရှိတဲ့ ဆေးရုံ လည်း ရှိတယ်။ စီးပွားရေးက အရမ်းကောင်းတဲ့ မြို့ဖြစ်တယ်။ တိုးရစ်လည်း ငွေသွင်း၊ ငွေထုတ်တဲ့ လူတွေနဲ့ အရမ်းကောင်းတယ်။ ဆေးလာကုတဲ့လူနဲ့ စီးပွားရေးလည်း အရမ်း ကောင်းတဲ့မြို့ဖြစ်တယ်။ အသင်းတော်က လူ့အနေနဲ့ကြည့်ရင် ဆင်းရဲတဲ့ အသင်းတော် မဟုတ်ဘူး။ ချမ်းသာတဲ့ အသင်းတော်ဖြစ်တယ်။ လူတိုင်း စိန်နားကပ် ပန်နိုင်တယ်။ ရွှေဆွဲကြိုး ဝတ်နိုင်တယ်။ အဲဒီခေတ်က အိုင်ဖုန်းရှိရင် အိုင်ဖုန်း သုံးနိုင်တယ်ပေါ့။ သူတို့ ထင်တာက သူတို့အခြေအနေဟာ ဥစ္စာ၊ ဘဏ္ဍာ ရတတ် တယ်။ တခုမှ မလိုဘူးလို့ မြင်တယ်။

***ဝိညာဉ်ဆင်းရဲခြင်း။*** ဒါပေမဲ့ ယေရှုက သူတို့ကို ကြည့်လိုက်တဲ့အခါမှာ မင်းတို့တွေက ပင်ပန်း နေကြတယ်တဲ့။ You look all tired သနားဖွယ်ဖြစ်တယ်တဲ့။ မင်းတို့တွေက သနားစရာတဲ့။ ပြီးတော့ ဆင်းရဲနေတယ်တဲ့။ သူတို့ကိုယ် သူတို့တော့ ချမ်းသာတယ် မြင်ပေမဲ့ ယေရှုက ကြည့်လိုက်တော့ ဆင်းရဲနေတာ မြင်တယ်။ မျက်စိကန်းနေတယ်တဲ့။ စဉ်းစားကြည့်ပါ။ မပြီးသေးဘူး နောက်ထပ် အဝတ်အချည်းစည်း ရှိတယ်တဲ့။ အားလုံးက ကိုယ်တုံးလုံးဖြစ်နေတယ်။ သူတို့ကိုယ် သူတို့ကတော့ ချမ်းသာတယ်။ အဝတ် အကောင်းတွေ၊ အဲဒီခေတ်ကတော့ ကတ္တီပါ အင်္ကျီပေါ့၊ ဒါပေမဲ့ ယေရှုခရစ်တော်က ပင်ပမ်းနေတယ်၊ သနားစရာ၊ ဆင်းရဲနေတယ်၊ မျက်စိကန်းနေတယ်၊ အဝတ် အချည်းစည်းရှိတယ် ..လို့ မြင်နေတယ်။ ဟာ.. တကယ်ကြောက်ဖို့ ကောင်းတယ် နော်။ ကိုယ့်ကိုယ်ကို မြင်တာက တမျိုး၊ ယေရှုခရစ်တော်က မြင်တဲ့အခါ အဲဒီလို မဟုတ်ဘူး ဖြစ်နေပါတယ်။ အဝတ်အချည်းစည်း ဖြစ်သည်ကို မသိပါ တကားတဲ့။ ပိုဆိုးတာက အဲဒါ၊ ကိုယ့်ရဲ့အခြေအနေကို ကိုယ်မသိတာ အဆိုးဆုံးပဲ။ လောဒိကီမှာရှိတဲ့ အသင်းသူ၊ အသင်းသားတွေ။ သူတို့ရဲ့ အခြေအနေကို မသိဘူး။ သူတို့ ထင်တာက သူတို့ဟာ ချမ်းသာတယ်၊ ကြွယ်ဝတယ်။ ဘာမှမလိုဘူး။ ဒါပေမဲ့ ယေရှု ခရစ်တော်က ကြည့်လိုက်တဲ့အခါ သူတို့က ဘာမှကောင်းတာကို မရှိဘူး ဖြစ်နေတယ်။ ဘာဖြစ်လို့ လောဒိကီအသင်းတော်မှာရှိတဲ့ လူတွေက ဒီလိုဖြစ်နေတာ လဲ။ What is wrong with them? Same thing will not happen to us. သူတို့ရဲ့ ပြဿနာက ဘာလဲ။ ..ကျွန်တော်ပြောပြပါမယ်။

***မှားယွင်းသောခံယူချက်။*** သူတို့က လောဒိကီမြို့မှာရှိတဲ့ အသင်းသူ၊ အသင်းသားတွေက Physical Prosperity is equal to Spiritual Prosperity လို့ ထင်ကြတယ်။ လောက အရာများနဲ့ ချမ်းသာနေတာ၊ ငါတို့က ဝိညာဉ်ရေးရာမှာ ရင့်ကျက်လို့ ဖြစ်တယ် ထင်ကြ တယ်။ သူတို့ရဲ့ ပြဿနာက အဲဒါပဲဖြစ်တယ်။ ငါတို့ ချမ်းသာနေတာပဲ။ ဘုရားသခင် ကောင်းကြီးပေးလို့ ငါတို့က ချမ်းသာနေတာ။ ငါတို့ရဲ့ အကျင့်စာရိတ္တတွေက ကောင်းလို့ ချမ်းသာ နေတာ။ ငါတို့ ချမ်းသာနေတာ ငါတို့ရဲ့ ဝိညာဉ်အသက်တာ ရင့်ကျက်လို့။ သူတို့က အဲဒီလို မှားတဲ့ ခံယူချက်နဲ့ အသက်ရှင်တာ။ ဒါကြောင့်မို့ သူတို့အမြင်မှာ အရမ်း ချမ်းသာတယ် မြင်တယ်။ ဒါပေမဲ့ ယေရှုက မြင်တဲ့အခါ တုံးလုံးဖြစ်နေတယ်။ အဝတ် အချည်းစည်းဖြစ်နေတယ်။ မျက်စိကန်းနေတယ်။ ဆင်းရဲနေတယ်။ သနားဖွယ် ဖြစ်တယ်။ ကျွန်တော်တို့ သတိထားရမဲ့ အရာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ Physical Prosperity is equal to Spiritual Prosperity လို့ ပြောနေတဲ့လူတွေ အများကြီး ရှိတယ်။ ဆရာ၊ ဆရာသမားတွေ အများကြီးရှိတယ်။ ကျွန်တော်တို့ သတိ ထားရမယ်။ သတိမထားရင် ကျွန်တော်တို့ လောဒိကီအသင်းတော်မှာရှိတဲ့ အသင်းသူ၊ အသင်းသားတွေလို ဖြစ်သွားလိမ့်မယ်။ ဒါလေးတွေ နားလည်ပါ။ လောကမှာ ချမ်းသာနေလို့ ၊ ကျွန်တော်တို့ ဝိညာဉ်ရေးရာ ရင့်ကျက်နေမယ်လို့ လုံးဝ ပြောလို့ မရပါဘူး။ အဲဒီလိုပြောလို့ ချမ်းသာတဲ့လူတွေအားလုံး မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ အဲဒီလို အီကွေးရှင်း မလုပ်ဖို့ သတိပေးနေခြင်း ဖြစ်ပါတယ်။

ယေရှုခရစ်တော် လောကကို လာတဲ့အခါ၊ အထူးသဖြင့် ဖာရိရှဲတွေကလည်း အဲဒီ ခံယူချက် ရှိတယ်။ ဣသရေလလူမျိုးတွေ တော်တော်များများက အဲဒီလိုပဲ နားလည် ကြတယ်။ ဒါကြောင့် ယေရှုခရစ်တော်က သူတို့ရဲ့ မှားယွင်းတဲ့ ခံယူချက်ကို အမြဲတမ်း ပြင်ပေးတယ်။ ယေရှုက ဥပမာ တခုသုံးတယ်။ သူဌေးကြီး တယောက်တဲ့။ ပြီးတော့ ဆင်းရဲသား လာဇရု တဲ့။ အဲဒီ ပုံပမာလေး ပြောပြတယ်။ သူဌေးကြီးက မရဏာ နိုင်ငံသွားတယ်။ ဆင်းရဲသား လာဇရုကတော့ အာဗြဟံရဲ့ ရင်ခွင်ကို သွားတယ်။ အဲဒါကို ကြားတဲ့လူတွေအဖို့ ဘယ်လိုမှ လက်မခံနိုင်တဲ့အရာ။ သူဌေးက ကောင်းကင် သွားမှာပေါ့။ သူက ဘုရားကောင်းကြီးကို ခံစားရတာပဲ။ ဆင်းရဲသားက ဘာမှ အကျင့် မကောင်းတာ။ ဒါကြောင့်မို့ ဆင်းရဲနေတာ ..။ ဒါပေမဲ့ ယေရှုက အဲဒီလို မဟုတ်ဘူး။

***သူဌေးကြီးပုံပမာများ။*** နောက်တခု ဘာပြောသလဲဆိုတော့ သူဌေးကြီးတယောက်တဲ့။ ပစ္စည်းတွေ အများကြီးရတယ်..တဲ့။ ရတဲ့အခါ သူစဉ်းစားတယ်။ ရတဲ့ဥစ္စာပစ္စည်းတွေ ဂိုထောင် အသစ်တွေဆောက်မယ်။ ထည့်မယ်။ သုံးမယ်။ ဖြုန်းမယ်။ ငါ့ဝိညာဉ်ကိုလည်း ပြောမယ်။ ပျော်စမ်းပါ။ တသက်စားလို့ မကုန်ဘူး ..။ အဲဒီအခါမှ ယေရှုက ဘာပြော သလဲဆိုတော့ မင်းရဲ့ဝိညာဉ်ကို ငါ..ဒီည လိုချင်တယ် ..လို့ဆိုရင်၊ လုကာ ၁၂း ၂၁ မှာ ယေရှုက သူဌေးကြီးကို ဘုရားသခင်ရှေ့မှာ ဆင်းရဲသောသူ မည်သည်ကား ထိုသူဌေး နှင့် တူသည်။ လောကမှာတော့ သူဌေးပဲ။ ဒါပေမဲ့ ဘုရားသခင်ရှေ့မှာတော့ အဲဒီ သူဌေးက ဆင်းရဲနေတယ်။ Not how rich you are, you much you enrich other သူများကို ချမ်းသာအောင် လုပ်ပေးနိုင်သူကိုမှ ဘုရားသခင်ရှေ့မှာ ချမ်းသာတယ်လို့ ဆိုလိုတယ်။ ကိုယ့်အတွက်ပဲ ဆိုရင်တော့ အဲဒီလူဟာ ဘုရားသခင်ရှေ့မှာ ဆင်းရဲ သောသူပဲ။ သူဌေးတယောက် ယေရှုခရစ်တော်ဆီလာတယ်။ ထာဝရအသက် ရဖို့ ဘာလုပ်ရမလဲမေးတယ်။ အချုပ်ပြောရရင် ကဲ၊ ငါ့နောက်လိုက်၊ ရှိသမျှဟာ


သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၂၉ မေလ ၂၀၁၂ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွက် အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

အကုန်ရောင်း၊ ဆို တော့ အဲဒီ သူဌေးက မလုပ်နိုင်ဘူး။ သူ့မှာ ဥစ္စာပစ္စည်းများတယ်။ ဂမ်းနည်းပြီး ပြန်သွား တယ်။ အဓိပ္ပါယ်က သူ့ရဲ့ ဥစ္စာပစ္စည်းကို ထာဂရအသက်ထက် တန်ဖိုးထားတယ်။ ပြန်သွားတဲ့အခါ ယေရှုက ဘာပြောသလဲဆိုတော့ Is easier for the camel to go through eye of the needle, for the rich man to enter the Kingdom of Lord တဲ့။ ကုလားအုပ်က အပ်နဖါးထဲ ဂင်ဖို့က ပိုပြီးလွယ်တယ် ..တဲ့။ ချမ်းသာတဲ့လူက ကောင်းကင်ဘုံ ရောက်ဖို့ ခက်တယ်။ အဲဒီစကားကို တပည့်တော်တွေ၊ ပေတရုတို့က ကြားတဲ့အခါ .. ဟာ..ကိုယ်တော်၊ ဒါဆို ရင် ကျွန်တော်တို့ကော ဘယ်လိုလုပ်မလဲ ..ဘာဖြစ်လို့လဲဆိုတော့၊ သူတို့ နားလည် ထားတာက ကောင်းကင်တက်ရမဲ့လမ်းမှာ ရှေ့ဆုံးက နေရာယူထားတာက သူဌေးတွေ လို့ ခံယူထားတာ။ ဟာ.. သူဌေးတောင်မှ ကောင်းကင်နိုင်ငံ ဂင်ဖို့ ခက်ရင် ကျွန်တော် တို့ ဆင်းရဲသားတွေ ဘယ်လိုလုပ်မလဲ ..တဲ့။ တံငါသည်တွေ ဘယ်လိုလုပ်မလဲ ..တဲ့။ ဒါပေမဲ့ ယေရှုကပြောတယ်။ In God, all things is possible. ကျွန်တော်တို့လည်း မှားယွင်းတဲ့ အရာ၊ We have to change our concept. မပြောင်းလဲဘူးဆိုရင် လောဒိကိမြို့မှာ ရှိတဲ့ အသင်းသူ၊ အသင်းသား တွေလို ဖြစ်သွားလိမ့်မယ်။

(1) ငွေရတတ်ခြင်းငှါ အလိုရှိသောသူတို့သည် အပြစ်သွေးဆောင်ခြင်း၊ ဘမ်းမိခြင်း၊ မိုက်မဲ ဖျက်ဆီးတတ်သော တပ်မက်ခြင်းများထဲသို့ ကျရောက်တတ်၏။ ထိုသို့ သော အားဖြင့် လူတို့သည် အကျိုးနည်းခြင်း၊ ပျက်ဆီးခြင်း၌ နစ်မွန်းတတ်ကြ၏။ အကြောင်းမူကား၊ ငွေကိုတပ်မက် ခြင်းသည် မကောင်းသောအမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ်သတည်း။ အင်္ဂလိပ်လိုက The Love of Money is root of all evils တဲ့။ သူက Evil ထက်တောင်ဆိုးတယ်။ Evil ကိုမွေးပေးတာ။ အဲဒီ ငွေရတတ်ချင်သော စိတ်၊ ချမ်းသာချင်သော စိတ်။ ချစ်သောညီအစ်ကို မောင်နှမများတို့၊ မချမ်းသာချင်ပါနဲ့။ အဲဒီလို ပြောလို့ မကြိုးစားနဲ့ ပြောတာမဟုတ်ပါဘူး။ ငွေကို ပဏာမ မထားနဲ့။ ဒါရှင်ပေါလုက တိမောသေကို ပြောနေတဲ့ စကား၊ မချမ်းသာချင်နဲ့။ ချမ်းသာချင်တဲ့စိတ်က အပြစ်တွေ အားလုံးရဲ့ မူလအဖြစ် ဖြစ်တယ် ..တဲ့။ လူအချို့တို့သည် ငွေကိုတပ်မက် ၍ ယုံကြည် ခြင်း တရားလမ်းမှ လွဲသွား၍ ပူပန်ခြင်းဂေဒနာများနှင့် ကိုယ့်ကိုယ်ကို ထုတ်ခြင်း ခတ်အောင် ထိုးကြသည်။ ဘယ်လောက်ထိ ဆိုးသလဲဆိုတော့၊ တချို့တွေ ယုံကြည်ခြင်း ကနေတောင် တခြားကို လွဲသွားကြတယ် ..တဲ့။

***ဘုရားကို ပိုပေးလှူလိုခြင်း။*** တချို့က ပြောတယ်။ ကျွန်တော်က ချမ်းသာချင်တာ ဘုရားကို ပိုပေးချင်လို့တဲ့။ လူ တယောက် က လခ ၃ဂဂ ရတယ်။ သူ ၃ဂ ဘုရားသခင်အတွက် ပါဂင်တယ်။ သူအလုပ် ကြိုးစား လုပ်ရင်း သူ ၃ဂဂဂ ရလာတယ်။ သုံးထောင် ရလာတဲ့အခါ သူ သုံးရာ လှူနိုင်တယ်။ သူ အရင် ပေးခဲ့တဲ့ သုံးဆယ်နဲ့ အခု ပေးတဲ့ သုံးရာ၊ ဘယ်ဟာက ပိုများသလဲ။ .. အတူတူ ပဲ။ ဆယ်ဖို့တစ်ဖို့ ဆိုတော့ အတူတူ ပါဘဲ။ ကျွန်တော်တို့ ဘုရားသခင်ရဲ့ သဘော သဘာဂလေး တခု ကျွန်တော် ပြောပြမယ်။ ဘုရားသခင်က သင် ဘယ်လောက် ပေးသလဲ ဆိုတာ ကြည့်တာ မဟုတ်ဘူး။ သင်ဘယ်လောက်ထဲက ဘယ်လောက် ပေးသလဲ ဆိုတာ ကြည့်တယ်။ အဲဒါလေး သေချာနားလည်ရမယ်။ မုဆိုးမ ဒင်္ဂါး ၂ပြား အကြောင်း။ ချမ်းသာတဲ့လူတွေက အများကြီးပေးတယ်လေ။ ဒါပေမဲ့ သူတို့က အများ ကြီးထဲက အများကြီး ပေးတာ။ ဒါပေမဲ့ ဟို မုဆိုးမက သူရှိသမျှ အကုန် ပေးလိုက်တာ။ ယေရှု ခရစ်တော်က Percentage နဲ့ ကြည့်တယ်။ သူဌေးတွေက ပေးတာ 10%, 20%. မုဆိုးမက 100% ပေးတာ။

***ဂင်ငွေ သုံးရာနဲ့သုံးထောင်။*** တလကို သုံးထောင်ရတယ်၊ သုံးရာပေးတယ်။ နောက်တယောက်က သုံးရာရတယ်။ သုံးဆယ်ပေးတယ်။ ဘုရားသခင်ရဲ့ရှေ့မှာ သုံးရာနဲ့ သုံးဆယ် က အတူတူပဲ။ အဲဒီလူက ဘုရားသခင်ကို တပြားမှ ပိုမပေးသေးဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ၂ခုစလုံးက 10%. ကျွန်တော်တို့ အဲဒါလေးတွေ နားလည်ဖို့ လိုတယ်။ ကျွန်တော်တို့က ချမ်းသာလာပြီး ပေးတာက 10% ပဲဆိုရင်တော့ ဘုရားသခင် ရှေ့မှာ ဘာမှ မထူးဘူး။ ॥ ဇော်အောင်(မုံရွာ) (ဝန်ခံချက်။ ဆရာမျိုးသူ (ယုဒသန်အသင်းတော်၊ စင်ကာပူ)၏ ဒေသနာအား ကောက်နုတ် ရေးသား ပါသည်။)

---

## သခင်ဘုရား၏ အနွယ်မှ ရှင်သန်ပွင့်လန်း ထာဝရမနှမ်းပန်းများ

(ရှင်မဿဲ၊ ၁း၁–၁၇) ဆယ်မြှုရယ်စိုးလှင်

# ထာဝရမနှမ်းပန်းများ

ယေရှု၏ဆွေတော်စဉ် မျိုးတော်ဆက် စာရင်းထဲတွင် အမျိုးသမီး ငါးဦးအား ထူးကဲစွာ ဖေါ်ပြထားသည်ကို တွေ့မြင်ရသည်။ ဣသရေလ လူမျိုးတော် များ၏ ဓလေ့ထုံးတမ်း အစဉ်အလာအရ အမျိုးသမီးများသည် ဆွေတော်စဉ် မျိုးတော် ဆက် စာရင်းထဲတွင် ဖေါ်ပြလေ့ မရှိကြသည့်တိုင် သခင်ဘုရား၏ အနွယ်တော်ထဲတွင် ထာဝရ မနှမ်းပန်းငါးပွင့် အား "ဖေါ်ပြ" ရသည့်အတိုင်အောင် ကျွန်ုပ်တို့အတွက် ထူးထူး ခြားခြား ဖေါ်ပြထားလေသည်။ ထိုအမျိုးသမီးငါးဦးအားဖြင့် ဘုရားသခင်၏ "မဟာ ကျေးဇူးကရုဏာ" တရားကို ထင်ရှားစွာ ဖေါ်ကျူးထားခြင်းဖြစ်သည်။ သခင် ဘုရား၏ အနွယ်တော်မှ ထာဝရ မနှမ်းပန်း အမျိုးသမီးငါးဦးအား ဆက်လက် လေ့လာကြပါမည်။

၁။ ထာဝရမနှမ်းပန်းများ။(က) တာမာ (မဿဲ၊ ၁း၃၊ ကမ္ဘာဦး၊ ၃၈း၁–၃၀)။ တာမာသည် ယုဒ၏ ချွေးမတော်ဖြစ်သည်ကို တွေ့မြင်ရသလို၊ တာမာသည် ခါနန် အမျိုးသမီး ဖြစ်သောကြောင့်၊ တစ်ပါးအမျိုးသမီး ဟုလည်းခေါ်ဆိုနိုင်သည်။ ထို့ကြောင့် သူမအတွက် မှတ်ချက်ပြုရန် နှစ်မျိုးရှိနေသည်။

(ခ) ရာခပ် ( မဿဲ၊ ၁း၅၊ ယောရှု၊ ၂း၁–၂၄)။ ရာခပ်သည် တစ်ပါးအမျိုးသမီး၊ ပြည့်တန်ဆာမ ဖြစ်သည့်နည်းတူ ကျိန်ခြင်း အမင်္ဂလာ ကို ခံအပ်သော အနွယ်ဖြစ်သည်။ ထို့ကြောင့် မှတ်ချက်ပြုရန် သုံးမျိုး ရှိနေသည်။

(ဂ) ရုသ ( မဿဲ၊ ၁း၅၊ ရုသ)။ ရုသသည် သူမ၏ အမည်နာမနှင့်ပင် သမ္မာကျမ်းစာ၌ စာအုပ် အမည်ကိုပင် တွေ့မြင်ရသည်။ သူမသည် မောဘအနွယ်၊ တစ်ပါးအမျိုးသား ဖြစ်သည်။ ထိုနည်းတူ ဣသရေလ အနွယ် မုဆိုးမလည်းဖြစ်ပြီး၊ အကျင့်သီလ၊ စာရိတ္တတို့တွင် စံပြအမျိုးသမီး လည်းဖြစ်သည်။ ထိုမျှမက ဣသရေလတို့၏ တစ်ဆူတည်းသော ဘုရားသခင်ကိုလည်း "သက်ဝင် ယုံကြည် ကိုးကွယ်" သူလည်းဖြစ်သည်။

(ဃ) ဗာသရှေဘ ( မဿဲ၊ ၁း၆၊ ၂ ရာဇဝင်၊ ၁၁)။ ဗာသရှေဘသည် ဥရိယ၏ ဇနီးဖြစ်လျှက်နှင့်၊ အိမ်ထောင်ရေး ဖေါက်ပြန် သော အမျိုးသမီးဖြစ်သည်။ ခင်ပွန်းဖြစ်သူ "စစ်မြေပြင်" ၌ ရှိစဉ် ဖေါက်ပြန်သော အကျိုး တရားကြောင့် မဖုံးနိုင်၊ မဖိနိုင်ဖြစ်ချိန်၊ ပြောပြရင်ဖွင့် တိုင်ပင်ခြင်း မပြုသည် သာမက၊ အငယ်အနှောင်း၏ "ခင်ပွန်း" အပေါ်တွင် သတ်ဖြတ်ရန် ကြံစည်မှုကိုလည်း ကောင်းစွာ သိထားသော်လည်း၊ ထိုကြီးမားသော "အပြစ်" များအတွက် ဖုံးဖိကာ "သူခိုး အားပေး" ပြုခဲ့သောသူ ဖြစ်သည်။

(င) မယ်တော်မာရိ ( ၁း၁၆၊ လုကာ၊ ၁း၂၆–၃၈)။ မာရိသည် အကျင့်သီလတရားနှင့် ဖြူစင်သော လုံမငယ်ဖြစ်သည်။ သူမသည် ဘာသာ တရား ကိုင်းရှိုင်းခြင်းရှိသည်သာကမ၊ သူ၏၏ အရှက်သိက္ခာနှင့် အသက်ကိုပင် ငဲ့ကွက်ခြင်း မပြုဘဲ လက်တော်ကို အပ်နှံထားသောသူဖြစ်သည်။

အထက်တွင် ဖေါ်ပြထားခဲ့သော အမျိုးသမီးငါးဦးအနက်၊ လေးဦးသည် တစ်ပါး အမျိုးသားအနွယ်ဝင်များဖြစ်၍၊ တစ်ဦးတည်းသော အမျိုးသမီးသာ ဣသရေလ အနွယ် ဖြစ်သည်။ ငါးဦးအနက် သုံးဦးသော အမျိုးသမီးများသည် "အပြစ်ဒုစရိုက်" ကို ထင်ရှာဆိုင်း လုပ်ကိုင်ခဲ့ကြသော "မိန်းမရှိုင်း" ကြီးများပင်ဖြစ်၍ နှစ်ဦးသော အမျိုးသမီးများသာ ဘုရားတရား ကိုင်းရှိုင်းသောသူများဖြစ်သည်။ ထိုအမျိုးသမီးငါးဦးတို့သည် "မတူညီသော အမျိုးအနွယ်" များမှ ဆင်းသက်လာသော သူများလည်းဖြစ်သည်။ ထိုသို့ "လူမျိုး" မတူ၊ "ဓလေ့ကွဲပြား" ကြသော အမျိုးသမီးငါးဦးတို့သည် နှစ်ခု သော အရေးကြီးသည့် သမိုင်း စာမျက်နှာတွင် အတူမျှဝေခဲ့ကြ သောသူများလည်းဖြစ်သည်။ ၄င်းတို့မှာ–



(၁) သခင်ခရစ်တော်ဘုရား၏ ဆွေတော်စဉ် မျိုးတော်ဆက် စာရင်းဝင်ခဲ့ကြသည်။

(၂) အမှန်တကယ် အပြစ်သားများဖြစ်ခဲ့ကြ၍ ကယ်ချွတ်ရှင် လိုအပ်သော သူများ ဖြစ်ကြသည်။ ( ရောမ၊ ၃း၂၃၊ ၅း၁၂)။

၂။ ကောင်းကြီးမင်္ဂလာတရားများ။

(၁) တာမာ (သံလွင်) ။ ထိုတာမာအမည်သည် အသက်ပေးခြင်းဆိုင်ရာတွင် ခိုင်ခန့်ခြင်း သဘောကို ပြဆို ထားခြင်းဖြစ်သည်။ ယေရှုခရစ်တော်သည် ထာဝရအသက်ကို ပေးစွမ်းနိုင်သော သခင် ဖြစ်တော်မူခဲ့သည်။ နာမ်သက်ဝိညာဉ်များအတွက် ထာဝရ ရှင်သန်ခြင်းလမ်း ကိုလည်း ဖွင့်ပေးတော်မူခဲ့သလို၊ အသက်စမ်းရေတွင်းလည်း ဖြစ်တော် မူသည်။ ယေရှု ခရစ်တော်ဘုရားနှင့် ကင်းကွာနေသ၍ ကျွန်ုပ်တို့သည် အနတ္တ သက်သက်သာဖြစ်ပြီး၊ ထိုသခင်၏ အမည်နာမအား ယုံကြည်ကိုးစားခြင်းအားဖြင့်သာ လူသားတို့သည် အသက် ကို ရရှိနိုင်ပေသည် ( ဖေက်၊ ၂း၁၊ တမန်၊ ၁၆း၃၁၊ ၁ ယော၊ ၅း၁၂)။

(၂) ရာခပ် (အတိုင်းအဆမရှိခြင်း)။ ထိုရာခပ် အမည်သည် နက်နဲကြီးမား၍ အတိုင်းအဆမရှိသော ဘုရား သခင်၏ မဟာကျေးဇူးတော်ကို ပြဆိုထားခြင်းဖြစ်သည်။ ထိုဘုရားသခင်၏ မေတ္တာတော်သည် လူသားတိုင်းအတွက် ခွဲခြားခြင်းမရှိ ဖေါက်ပြန်ခြင်းကင်းသော မေတ္တာတော်ဖြစ်သည် ( ယေရ၊ ၃၁း၃၊ ယော၊ ၃း၁၆)။ ဘုရား သခင်၏ ကျေးဇူးတော်သည် လူသား တိုင်းအတွက် လက်ခံရရှိ၊ ရယူနိုင်သော ကျေးဇူးတော်ပင်ဖြစ်သည် ( ရောမ၊ ၁၀း၃၁၊ ဟေဗြဲ၊ ၁၁း၃၁)။



**သခင့်စကား** ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၂၉ မေလ ၂၀၁၂ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ ဖြန့်ချိရန် **ကန့်သတ်** ထုတ်ဝေသည်။

(၃) ရှုသ ( မိတ်ဆွေ)။ ရှုသ၏ အမည်နာမသည် လောကီလူသား အပြစ်သားများအတွက် ယေရှု ခရစ်တော် သည် ထာဝရ မိတ်ဆွေကောင်း ဖြစ်သည်ကို ပြဆိုခြင်းဖြစ်သည် ( မဿဲ၊ ၁၁း၁၉)။ ခရစ်တော်သည် သူ၏ မိတ်ဆွေများအတွက် လက်ဝါးကားတိုင်တော်ပေါ်တွင် အသက် တော်ကို စွန့်လှူပူဇော်သည့်တိုင်အောင် မိတ်ဆွေစစ် မေတ္တာ တော်ဖြင့် ချစ်တော် မူခဲ့ပါသည် ( ယော၊ ၁၅း၁၃)။

(၄) ဗာသရှေဘ ( ကျေနပ်မှုပေးသော သမီးပျို)။ ဗာသရှေဘ၏ အမည်သည် ဖခင်တစ်ဦးက သားသမီးအပေါ်တွင် ကျေနပ် အားရစွာဖြင့်သော စောင့်ထိန်းကွယ်ကာပေးခြင်းကို ပြဆိုသော ပြယုဒ်ပင် ဖြစ်သည်။ ဤလောက တွင် နာမ်သက်ဝိညာဉ်ကို ကျေနပ်မှုပေးပိုင်သောသူသည် ခရစ်တော်ယေရှုမှ တစ်ပါး အခြားသူမရှိပေ ( ဆာ၊ ၁၀၇း၉)။ ယေရှုခရစ်တော်သည် မျှော်လင့်ချက် မဲ့နေသော အပြစ်သားတို့၏ နာမ်သက်စိတ်ဝိညာဉ်တို့၏ နားခိုရာဖြစ်တော်မူသည် ( မဿဲ၊ ၁၁း၂၈)။

(၅) မာရိ ( ဆန့်ကျင်ပုန်ကန်မှု)။ မာရိ၏ အမည်နာမနှင့် အသက်တာ၏ အဓိပ္ပါယ်တို့သည် အဘယ်မျှ ကွာခြား ပါသနည်း ။ ထိုနည်းတူစွာ ကျွန်ုပ်တို့ လူသားများသည်လည်း ဘုရားသခင်၏ တစ်ဖက်၌ ဆန့်ကျင်တွေးခေါ်နေကြသောကြောင့် အပါယ်ငရဲသို့ သွားကြရမည့် သူများပင် ဖြစ်သည်။ ဘုရားသခင်၏ အလိုတော်နှင့် ကျွန်ုပ်တို့၏ အလိုဆန္ဒတို့သည် လုံးဝ ဆန့်ကျင်ဘက်ဖြစ်သည်။ ယေရှုခရစ်တော်ဘုရား၌ လုံးဝ ပြန်လည်သင့်မြတ်ခြင်းကို ပေးစွမ်းခွင့် ရှိတော်မူသလို၊ ဘုရားသခင်၏ အလိုတော်နှင့်လည်း လုံးဝနှိပ်ကျခြင်း မရှိခဲ့သောကြောင့် ကျွန်ုပ်တို့၏ ဆန့်ကျင်မှုအစား ချစ်ခြင်းမေတ္တာအဖြစ်သို့၎င်း၊ ကျွန်ုပ် တို့၏ အလိုဆန္ဒအားလုံးတို့အားလည်း ဆက်ကပ်အပ်နှံခြင်း သို့၎င်း ပြုပြင် ပေးတော် မူခဲ့သည် ( ၁ ယော၊ ၄း၁၉)။

၈။ ထိုအမျိုးသမီးငါးဦး၏ အမည်နာမများကို ကြည့်ခြင်းအားဖြင့် အပြစ် သားများဖြစ်သော လောကီလူသားတို့အတွက် ခရစ်တော်ဘုရား၏ ပြည့်ဝစုံလင် တော် မူသော ကယ်တင်ခြင်းတရားကို ပြဆိုခြင်းဖြစ်သည်။ ဤနေရာတွင် ခေတ္တ ရပ်နားကာ မေးခွန်းထုတ်ပါရစေ။ ခရစ်တော်ဘုရားအား သင်၏ အသက်သခင်အဖြစ် ယုံကြည်လက်ခံခဲ့ပါသလား။ ကယ်တင်ခြင်း စိတ်ချမှုရှိပြီလား။ ထိုသို့ မဟုတ်ပါက ကျွန်တော့်အနေဖြင့် ထပ်လောင်း၍ အဘယ်ကဲ့သို့ ခရစ်တော်ဘုရားကို လက်ခံရယူနိုင် ကြောင်း ဆက်လက်ရှင်းလင်းပြောကြားသွားပါမည်။

၃။ လုပတင့်တယ်မှု။ ခရစ်တော်ဘုရားသည် သင့်အား ယနေ့ပင် ကယ်တင်တော်မူနိုင်ပါသည်။ ကျွန်ုပ်တို့ ပြောဆိုနေကျသော အောက်ပါ အချက်အလက်များကို ခရစ်တော်ဘုရားသည် ငဲ့ကွက်ထောက်ထားခြင်း ပြုတော်မူခြင်းမရှိ ကယ်တင် လိုပါသည်။ (၁) သင်၏ အမျိုးအနွယ်။ (၂) သင်၏ ဘိုးဘေး။ (၃) သင်၏ ဘဝအနေအထား။ (၄) သင်၏ အတိတ်မှအပြစ်တရားများ။ (၅) သင်၏ အနာဂါတ် အစီအစဉ်။ (၆) သင်၏ လက်ရှိဘဝအခြေ။ စသည်တို့ပေါ်တွင် ကြည့်ရှုတော်မူ၍ သင့်အား ကျောခိုင်းကာ ပစ်ပယ်သွားတော်မူမည့် အရှင်မဟုတ်ပေ ( ယော၊ ၆း၃၇)။ သင်သည် ခရစ်တော်ယေရှုဘုရားထံ ယနေ့လာရောက် ခိုလှုံမည်ဆိုပါက ယနေ့ပင် သင့်အား ကယ်တင်တော်မူ၍ အို၊ နာ၊ သေခြင်း ကင်းရာ နန်းအမတဘုံတွင် ထာဝရ အသက်ကို ပေးတော်မူမည့် အရှင်ပင်ဖြစ်သည်။

၈။ ဘဝအတွက် အမေးစကား။ သင့်အတွက် အမေးစကားမှာ ‘သင်သည် ကယ်တင်ခြင်းသို့ ရောက်လိုပါသလား (သို့) အပါယ်ငရဲမှ လွတ်ကင်းကာ ထာဝရကောင်းကင် ဘုံသို့ ဝင်စားလိုပါသလား?’ ထိုသို့ဆိုက သခင်ခရစ်တော်ဘုရားထံသို့ ယနေ့ပင် ချည်းကပ်ခိုလှုံခြင်းကိုပြုလိုက်ပါ။ ခရစ်တော်ဘုရား၏ ဆွေတော်စဉ် မျိုးတော်ဆက် ဘိုးဘေးစာရင်းများတွင် ပါဝင်ခြင်းအခွင့်မရှိနိုင်သော်လည်း၊ ခရစ်တော်ဘုရား၏ ဆွေတော်စဉ် စာရင်းတွင်ကား ပါဝင်ဆက်ဆံခွင့်ကိုရရှိနိုင်ပါသည်။ ကနဦး အမျိုးသမီးများသည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ရှိခဲ့ကြသည့်နည်းတူ သင်သည် လည်း ယခုပင် ယုံကြည်ခြင်းဖြင့် အစပြုခြေလှမ်းကာ ကယ်တင်ခြင်းတရားကို သင် လက်ခံရယူနိုင်ပါသည် ( ဖေက်၊ ၂း၈–၉)။ နာမတော်မြတ်၌ – **ဆယ်မြူရယ်စိုးလွင်**

---

## ( မိန်းမ ချီပိုး အပြေးပြိုင်ပွဲ ) မင်းအောင်သက်လွင်



# မိန်းမခိုးပိုးအပြေးပြိုင်ပွဲ

ကြုံကြုံဖန်ဖန်ပါ။ မိန်းမကို ချီပိုးပြီး အပြေးပြိုင်တဲ့ ပွဲပါ။ Sneem , Kerry, Ireland မှာလုပ်တဲ့ ပွဲ ဖြစ်ပါတယ်။ အောက်တိုဘာ ၂၀၁၀ ခုနှစ်တုံးက CHANNEL NEW ASIA တီဗီလိုင်းက ပြတဲ့ သတင်းပိုင်း တိုလေး ဖြစ်ပါတယ်။ ကိုယ့်မိန်းမကို ကိုယ်က ချီပိုးပြီး ထမ်းပြေးရတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ကိုယ့်မိန်းမကို ကိုယ်က ရိုးရိုးတန်းတန်း ချီပိုးရတာ မဟုတ်ပါ။ ကိုယ်ခန္ဓာ ဇောက်ထိုး အနေအထားနဲ့ မိန်းမရဲ့ ပေါင်နှစ်လုံးကို ပုခုံးပေါ် တင်ထမ်းပြီး ပြေးပွဲ ဝင်ရတာ ဖြစ်ပါတယ်။ ယောက်ျားဖြစ်သူက မိန်းမကို ဇောက်ထိုး ပုခုံးထမ်း သယ်ပြေး ရတာဖြစ်လို့ အသယ်ခံရတဲ့ မိန်းမကလဲ ဇောက်ထိုး ကြီး ဖြစ်နေသလို ယောက်ျားဖြစ်သူကလဲ အဲဒီ ကိုးလိုးကန့်လန့်ကြီးကို ပုခုံးနဲ့ ထမ်းထား ရပါတယ်။ ပြေးရတာ ကလဲ သာမာန် အပြေးပြိုင်ကွင်းထဲမှာ မဟုတ်ပါ။ ခလုတ် ကန်သင်း ပေါ်တဲ့ နေရာ။ ရွှံ့နွံဗွက်ကြားထဲမှာ၊ ဒူးဆစ်လောက်ရှိတဲ့ ရေထဲ ဖြတ်ပြေး ရတာ ဖြစ်တဲ့ အတွက် ပြိုင်ပွဲဝင် လင်မယားစုံတွဲ နှစ်ယောက်စလုံး မလွယ်ပါ။

ပြေးပွဲတစ်လျှောက် လဲကျသူ များစွာကို တွေ့ရပါတယ်။ ပန်းဝင်တဲ့ သူကတော့ တော်တော် လိုက်ဖက်ညီတဲ့ အတွဲမှ ဖြစ်မှာပါ။ တော်ရုံတန်ရုံ အနေ အထားနဲ့တော့ ဆုရဖို့ မလွယ်ကူပါ။ အိမ်ထောင်သည် ဆိုတာလဲ ပြေးပွဲဝင်နေတဲ့ သူတွေလိုပါဘဲ။ အိမ်ထောင် ဦးစီး ယောက်ျား ဖြစ်သူက တည့်တည့် ထမ်းပြေးနေချိန်မှာ မိန်းမဖြစ်သူက ဇောက်ထိုး မိုးမျှော် အနေအထားနဲ့ လိုက်ရင် လိုက်ရပါမယ်။ တစ်ယောက်က သန်စွမ်းသူ။ တစ်ဦးက နူးညံ့သိမ်မွေ့သူ။ တစ်ယောက်က ဖြတ်ထိုးဉာဏ်ကောင်း သူ။ တစ်ယောက် က တွေးတော ကြံဆတတ်သူ။ တစ်ယောက်က လျှပ်တပြက် လျင်မြန်စွာ လုပ်ဆောင် သူ၊ တစ်ယောက်က ချင့်ချိန် ချိန်ဆ တတ်သူ - - - စတဲ့ ဘက် မညီ၊ အစွမ်း သတ္တိတွေ မတူ ပေမဲ့ နှစ်လွှာ ပေါင်းရင် တစ်ရွက်၊ နှစ်ချိန် (နေ့အချိန်၊ ညအချိန်) ပေါင်းမှ တစ်နေ့။ ဆိုသလို ဘယ်နဲ့ ညာ ပေါင်းမှ တစ်စုံ ဖြစ်ရတဲ့ လင်မယား ရယ်ပါ။

ယောက်ျားတိုင်း မိမိ မယားရှိစေလော့။ မိန်းမတိုင်း မိမိလင် ရှိစေလော့။ --- အချင်းချင်း ခင်ပွန်းဝတ်ကို မပယ်မရှောင်ကြနှင့်။ ၁ကော ၇း၂-၃ အိမ်ထောင်ရှင် လင်နှင့် မယား သာမက၊ အသင်းတော်ထဲမှ သင်းအုပ်ဆရာ နှင့် အသင်းတော်ကောင်စီ အဖွဲ့ဝင်(သို့) သင်းထောက်လူကြီး တွေဟာလဲ လင်မယား ကဲ့သို့ သာသနာလမ်းမှာ တစ်ယောက်နဲ့ တစ်ယောက် ချီပိုးပြီး အပြေးပြိုင်တဲ့ သူတွေ နဲ့ တူပါတယ်။ အသင်း တော်ထဲက အမျိုးသမီးအသင်း၊ လူငယ်အဖွဲ့၊ ဆန်းဒေး စကူးလ် ဓမ္မပညာ ကော်မီတီ။ ဧဝံဂေလိ ကော်မီတီ။ မီဒီယာ အဖွဲ့။ စတဲ့ အဖွဲ့တွေ ဟာလဲ သာသနာပြုရာ လမ်း၊ အစေ ခံရာလမ်းမှာ လင်မယားချီပိုး အပြေးပြိုင်သလို တစ်ယောက်နဲ့ တစ်ယောက် ဖေးဖေး မမ၊ ကြင်ကြင်နာနာ၊ နားလည်မှု ရှိရှိ။ အပေး အယူ မျှမျှနဲ့ ကိုယ်ချင်း စာနာ စိတ်။ ထောက်ထားတဲ့ စိတ်များနဲ့ အစေခံကြရမှာ ဖြစ်ပါတယ်။ တစ်ယောက်နှင့် တစ် ယောက် ဖေးမကူညီ လမ်းပြခြင်းဖြင့် သာယာသော မိမိတို့ အိမ်ထောင်၊ အသင်းတော်၊ သာသနာကို တည်ထောင်ပြီး ဘုရားအစေကို ခံနိုင်ကြ ပါစေ။ ။ **မင်းအောင်သက်လွင်** (ဟေဗြဲ ၁၀း၂၄။ အချင်းချင်း တစ်ယောက်ကို တစ်ယောက် ထောက်စာ ကြည့်ရှု ကြကုန်အံ့) ။

---

## ကာတွန်း (မင်းထွန်းသက်လွင်)

(တောက်။ ရေလဲ ချိုးပြီးပြီ။ အဝတ်အစား အသစ်လည်း လဲဝတ်ပြီးပြီ။ အလှလဲ ရှယ် ပြင်ပြီး ကာမှ အကြွေ နှစ်ရာကျပ်တန် ကလဲ ဘယ်ရောက်နေမှန်း မသိပါဘူးနော်။ )

((အင်းလေ မထူးပါဘူး။ အလှူငွေထည့်ဖို့ အကြွေနှစ်ရာကျပ်တန် မရှိလဲ ဘုရားကျောင်း မသွားဘဲ မဂ္ဂဇင်းဘဲ ဇိမ်နဲ့ အိပ်ပြီး ဖတ်တော့မယ်။))






မည်သူမဆို စာမူများရေးသားပေးပို့နိုင်ပါသည်။ Min Aung Thet Lwin, Blk 76A, #30-02, Read Hill Road, S'pore 151076. Email; thelordword@gmail.com, Ph(+65)81222320

www.thelordword.com နှင့် facebook; **lord's word** တွင် **သခင့်စကား** ကို ဖတ်ရှုနိုင်ပါသည်

မင်းအောင်သက်လွင်၏ လက်ရွေးစင် စာမူ ရသစုံကို facebook; **lord's heart** **သခင့်နှလုံးသား** တွင်ဖတ်ရှုနိုင်ပါသည်

မင်းအောင်သက်လွင် စီစဉ်တင်ဆက်သော **ကိုယ်တော်နှင့်အတူသီချင်းလေးဆိုရင်းက** ချီးမွမ်းသီချင်း ဒီဗီဒီအခွေ ထွက်ပါပြီ။